# ဓမ္မခန္ဓာ (၅၉) ကြဉ်ဖယ်ခြင်း (အလ် ဟရှာဟ်)

ဥဗ္ဗာဒ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၁)၊ သုတ်ဒေသနာ (၂၄)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞**<br>မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂။ | **هُوَ الَّذِي أَخْرَجَ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ مِن دِيَارِهِمْ لِأَوَّلِ الْحَشْرِ مَا ظَنَنتُمْ أَن يَخْرُجُوا وَظَنُّوا أَنَّهُم مَّانِعَتُهُمْ حُصُونُهُم مِّنَ اللَّهِ فَأَتَاهُمُ اللَّهُ مِنْ حَيْثُ لَمْ يَحْتَسِبُوا وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ يُخْرِبُونَ بُيُوتَهُم بِأَيْدِيهِمْ وَأَيْدِي الْمُؤْمِنِينَ فَاعْتَبِرُوا يَا أُولِي الْأَبْصَارِ۞**<br>အရှင်သည် ကျမ်းစာ ဝိုင်းသားများမှ ရန်သူဖြစ်သောသူတို့အား သူတို့၏ အိမ်ဂေဟာများမှ ပထမအကြိမ် ကြဉ်ဖယ်မောင်းထုတ်စေသော အရှင် ဖြစ်၏။ သူတို့အား မောင်းထုတ်စေမည်ဟု သင်တို့ ထင်မှတ်မထားခဲ့ချေ။ သူတို့ကလည်း သူတို့၏ ခိုင်မာမှုသည့် ပရမတ်ဘုရားရှင်၏ထံမှ ခုခံနိုင်မည်ဟု ထင်မှတ်ထား၏။ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့ မတွေးထားသော နေရာမှ ရောက်ရှိလာ၍ သူတို့၏ နှလုံးသားကို တုန်လှုပ်ချောက်ချားစေခဲ့၏၊ သို့ဖြင့် သူတို့၏ လက်များဖြင့်– ယုံကြည်သူများ၏ လက်များဖြင့် သူတို့၏ အိမ်ယာများကို ဖျက်သိမ်းစေခဲ့၏။ အို မျှော်မြင်တတ်သူတို့ သင်ခန်းစာ ယူကြကုန်လော့။[၁၀၄၆] |
| ၃။ | **وَلَوْلَا أَن كَتَبَ اللَّهُ عَلَيْهِمُ الْجَلَاءَ لَعَذَّبَهُمْ فِي الدُّنْيَا وَلَهُمْ فِي الْآخِرَةِ عَذَابُ النَّارِ۞**<br>အကယ်၍ ပရမတ်ဘုရားရှင်သည် သူတို့အပေါ်၌ ပြည်နှင်ဒဏ်ကို ပြဋ္ဌာန်းတော်မမူခဲ့လျှင်၊ သူတို့အတွက် ဤလောကီဘဝ၌ ကံဝင့်ကြွေးသည် ရှိနေ၍၊ နောင်ဘဝ၌ အပူမီး ဝဋ်ကြွေးသည် ရှိလတ္တံ့။ |
| ၄။ | **ذَلِكَ بِأَنَّهُمْ شَاقُّوا اللَّهَ وَرَسُولَهُ وَمَن يُشَاقِّ اللَّهَ فَإِنَّ اللَّهَ شَدِيدُ الْعِقَابِ۞**<br>ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဗ္ဗာဒ်စဉ်တော်ဆောင်အား ပုန်ကန်သောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်အား ပုန်ကန်သောသူအား ဧကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ တန်ပြန်စေတော်မူ၏။ |

**(၁၀၄၆)** ဤသုတ်တော်ကို ထောက်၍ အစ္စလာမ်အား တိုက်ခိုက်သူများက ကိုယ်တော်မုဟမ္မဒ်သည် ဂျူးလူမျိုးများအား မဒီနာမှ မောင်းထုတ်ခဲ့သည်ဟု စွပ်စွဲပုတ်ခတ်လေ့ရှိပေသည်။ ထိုသို့စွပ်စွဲမှုမှာ ဤသုတ်တော်အား သေချာစွာ မဖတ်ဘဲလျှက် အမုန်းတရားကို အခြေခံ၍ ပုတ်ခတ်ခြင်းသာ ဖြစ်တော့သည်၊ ကျမ်းတော်တွင် ဖုံးကွယ်သူ ဆိုသည့် စကားလုံးကို စစ်ဖြစ်နေစဉ်ကာလ၌ ရန်သူဟု သုံးလေ့ရှိကြောင်း ဤဘာသာပြန်တွင် မကြာခဏ ရှင်းပြပြီး ဖြစ်သည်။ ကျမ်းစာဝိုင်းသားများ ဆိုသည်မှာ ရှေးကျမ်းစာအား လိုက်နာသူများအား ဖြစ်၍ ဤသုတ်တော်တွင် ကျမ်းစာဝိုင်းသားများမှ ရန်သူဖြစ်သော သူတို့အား ဟု ဆိုထားသဖြင့် ရှေးကျမ်းစာလိုက်နာသူ အားလုံးကို မဆိုလိုပေ။ ထိုသူများ၏ အနက်မှ ရန်သူဘက်တွင် ပါဝင်သော ရန်သူများကိုသာ ဆိုလိုပေသည်။ ရန်သူများအား မောင်းထုတ်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းမှာ နိုင်ငံတိုင်းတွင် ပြုလုပ်ရသော အခြေ အနေသာ ဖြစ်ပေသည်။ သို့မဟုတ်က နိုင်ငံတော် အေးချမ်းသာယာရေးအား မည်သည့်နည်းနှင့်မျှ ထိန်းသိမ်းစောင့်ရှောက်နိုင်မည် မဟုတ်ချေ။ ထို့ အပြင် ထို ရန်သူတို့သည် ရန်သူ ဖြစ်လင့်ကစား– လူသားများပင် ဖြစ်၍ ထိုသူတို့၏ အသက်အိုးအိမ် လုံခြုံမှုသည်လည်း အရေးကြီးလှပေသည်။ အစ္စလာမ်သာသနာသည် ထိုသူတို့၏ အသက်အိုးအိမ်အား ထည့်သွင်း စဉ်းစားပေးပေသည်။ ထိုအချက်ကို **အကယ်၍ သူတို့အား ပြည်နှင်ဒဏ် မပေးခဲ့ လျှင် သူတို့အတွက် လောကီ ပြစ်ဒဏ်ကို ခံရနိုင်သည်** ဟု သုတ်တော် (၃) တွင် ဆက်လက်ပြောဆိုထားခြင်းက အထောက်အထား ဖြစ်ပေသည်။

| | |
|---|---|
| ၅။ | **مَا قَطَعْتُم مِّن لِّينَةٍ أَوْ تَرَكْتُمُوهَا قَائِمَةً عَلَى أُصُولِهَا فَبِإِذْنِ اللَّهِ وَلِيُخْزِيَ الْفَاسِقِينَ۞**<br>သင်တို့သည် စွံပလွန်ပင်အား ခုတ်ဖြတ်သည် ဖြစ်စေ၊ ၎င်း၏ အမြစ်ပေါ်၌ ပင်ထောင် ချန်ထားခဲ့သည် ဖြစ်စေ ပရမတ်ဘုရားရှင်၏ အလိုတော်အတိုင်းသာ ဖြစ်၏။ ယုတ်မာသူတို့အား အရှက်ရစေရန် ဖြစ်၏။ |
| ၆။ | **وَمَا أَفَاء اللَّهُ عَلَى رَسُولِهِ مِنْهُمْ فَمَا أَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَلَا رِكَابٍ وَلَكِنَّ اللَّهَ يُسَلِّطُ رُسُلَهُ عَلَى مَن يَشَاء وَاللَّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞**<br>ပရမတ်ဘုရားရှင်သည် သူတို့ထံမှ ဥာဏ်စဉ်တော်ဆောင်၏ အပေါ်သို့ ပြန်လည်ဖြည့်ဆီးပေးသော မြင်းဖြစ်စေ၊ စီနင်းကုလားအုပ်ဖြစ်စေ ၎င်းကို ဆန့်ကျင်၍ သင်တို့ ဖိအားမပေးကြလင့်၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အား စံချိန်ပြည့်မှီသူ အပေါ်၌ ဩဇာအာဏာရှိစေ၏။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်နိုင်တော်မူ၏။ |
| ၇။ | **مَّا أَفَاء اللَّهُ عَلَى رَسُولِهِ مِنْ أَهْلِ الْقُرَى فَلِلَّهِ وَلِلرَّسُولِ وَلِذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَابْنِ السَّبِيلِ كَيْ لَا يَكُونَ دُولَةً بَيْنَ الْأَغْنِيَاء مِنكُمْ وَمَا آتَاكُمُ الرَّسُولُ فَخُذُوهُ وَمَا نَهَاكُمْ عَنْهُ فَانتَهُوا وَاتَّقُوا اللَّهَ إِنَّ اللَّهَ شَدِيدُ الْعِقَابِ۞**<br>ပရမတ်ဘုရားရှင်သည် အရပ်ဒေသသားတို့ ထံမှ ဥာဏ်စဉ်တော်ဆောင်၏ အပေါ်သို့ ပြန်လည်ဖြည့်ဆီးပေးသော အရာတို့သည် ပရမတ်ဘုရားရှင်၊ ဥာဏ်စဉ်တော်ဆောင်၊ နီးစပ်သော သူများ၊ မိဘမဲ့များ၊ နွမ်းပါးသူများ၊ ခရီးသည်များ အတွက် ဖြစ်၏။ ယင်းမှာ ၎င်းသည် သင်တို့အနက် ကုံလုံပြည်စုံသူတို့၏ မောင်ပိုင်စီးခြင်း မခံရရန်ဖြစ်၏။ ဥာဏ်စဉ်တော်ဆောင်က ပေးကမ်းရာကို လက်ခံကြလော့၊ ဟန့်တားရာကို ချုပ်တီးကြကုန်လော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ တန်ပြန်စေသော အရှင် ဖြစ်၏။ |
| ၈။ | **لِلْفُقَرَاء الْمُهَاجِرِينَ الَّذِينَ أُخْرِجُوا مِن دِيارِهِمْ وَأَمْوَالِهِمْ يَبْتَغُونَ فَضْلًا مِّنَ اللَّهِ وَرِضْوَانًا وَيَنصُرُونَ اللَّهَ وَرَسُولَهُ أُوْلَئِكَ هُمُ الصَّادِقُونَ۞**<br>သူတို့၏ အိမ်ဂေဟာများ၊ ဥစ္စာပစ္စည်းများမှ မောင်းထုတ်ခံရ၍ ပြောင်းရွှေ့ခိုလှုံလာသော လိုအပ်ချက်ရှိသူများသည် ပရမတ်ဘုရားရှင်၏ ထံမှ သိက္ခာပေးမှုနှင့် အရှင်၏ ကြေနပ်နှစ်သက်မှုကို ရှာမှီးကြ၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အား ကူညီထောက်ပံ့ကြကုန်၏။ ထိုသူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြ၏။ |
| ၉။ | **وَالَّذِينَ تَبَوَّؤُوا الدَّارَ وَالْإِيمَانَ مِن قَبْلِهِمْ يُحِبُّونَ مَنْ هَاجَرَ إِلَيْهِمْ وَلَا يَجِدُونَ فِي صُدُورِهِمْ حَاجَةً مِّمَّا أُوتُوا وَيُؤْثِرُونَ عَلَى أَنفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ وَمَن يُوقَ شُحَّ نَفْسِهِ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۞**<br>အိမ်ဂေဟာနှင့် အခြေကျပြီးသား သူတို့သည် ၎င်းတို့ မတိုင်မီကပင် ယုံကြည်သူများ ဖြစ်ကြ၍၊ သူတို့ထံသို့ ပြောင်းရွှေ့လာသူများကို ချစ်ခင်ကြကုန်၏။ သူတို့၏ ရင်တွင်း၌ ပြာပြာသလဲ ရှာဖွေ မတွေ့နိုင်လောက်အောင် ပေးကမ်းကြ၏။ ပေးကမ်းလွန်ဒဏ် ထိသက်သွားနိုင်သော်လည်း သူတို့၏ စိတ်ဥာဉ်များထက် ၎င်းတို့ကို ဦးစားပေးကြ၏။ သူ၏ စိတ်ဥာဉ်ကို အတ္တရမက်ဇောမှ ကယ်နိုင်သောသူ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်၏။ |
| ၁၀။ | **وَالَّذِينَ جَاؤُوا مِن بَعْدِهِمْ يَقُولُونَ رَبَّنَا اغْفِرْ لَنَا وَلِإِخْوَانِنَا الَّذِينَ سَبَقُونَا بِالْإِيمَانِ وَلَا تَجْعَلْ فِي قُلُوبِنَا غِلًّا لِّلَّذِينَ آمَنُوا رَبَّنَا إِنَّكَ رَؤُوفٌ رَّحِيمٌ۞**<br>သူတို့၏ နောက်တွင်မှ ရောက်ရှိလာသူများက "အို ကံကြမ္မာရှင် တပည့်တော်တို့နှင့် တပည့်တော်တို့ထက် ရှေးကျ စွာ ယုံကြည်ခြင်း ရှိသော နောင်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ တပည့်တော်တို့၏ နှလုံးသား၌ ယုံကြည်သော သူတို့အပေါ် အမဲအစက် မစီရင်ပေးပါနှင့်၊ အို ကံကြမ္မာရှင် အရှင်သည် သက်ညှာသောအရှင် အကြင်နာရှင် ဖြစ်ပါ၏၊" |

| | |
|---|---|
| | ဟု ဆုတောင်းကြ၏။ |
| ၁၁။ | **أَلَمْ تَر إِلَى الَّذِينَ نَافَقُوا يَقُولُونَ لِإِخْوَانِهِمُ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ لَئِنْ أُخْرِجْتُمْ لَنَخْرُجَنَّ مَعَكُمْ وَلَا نُطِيعُ فِيكُمْ أَحَدًا أَبَدًا وَإِن قُوتِلْتُمْ لَنَنصُرَنَّكُمْ وَاللَّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ۞**<br>သီလကြောင် ဖြစ်သော သူတို့က သူတို့၏ ညီနောင် ကျမ်းစားဝိုင်းသားများမှ ဖုံးကွယ်သူတို့အား “သင်တို့ကို နှင်ထုတ်ခဲ့လျှင် ကျွန်ုပ်တို့သည်လည်း သင်တို့နှင့်အတူ ထွက်သွားကြမည်၊ သင်တို့အတွက် ကျွန်ုပ်တို့သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ နာခံမည်မဟုတ်၊ သင်တို့ကသာ တိုက်ခိုက်ခဲ့လျှင် ကျွန်ုပ်တို့က သင်တို့အား ကူညီ ထောက်ပံ့မည်ပင်၊”ဟု ပြောဆိုခဲ့၏။ ပရမတ်ဘုရားရှင်သည်ကား သူတို့၏ လိမ်ညာပြင်းဆန်မှုများအတွက် သက်သေပင် ဖြစ်၏။ |
| ၁၂။ | **لَئِنْ أُخْرِجُوا لَا يَخْرُجُونَ مَعَهُمْ وَلَئِن قُوتِلُوا لَا يَنصُرُونَهُمْ وَلَئِن نَّصَرُوهُمْ لَيُوَلُّنَّ الْأَدْبَارَ ثُمَّ لَا يُنصَرُونَ۞**<br>၎င်းတို့ မောင်းထုတ်ခြင်းခံရသော် သူတို့သည် အတူတကွ ထွက်ခွာသွားကြသည် မဟုတ်ချေ။ ၎င်းတို့သည် တိုက်ခိုက်ခံရသော်လည်း သူတို့သည် ကူညီကြမည် မဟုတ်ချေ။ ကူညီထောက်ပံ့သည့်တိုင် သူတို့သည် လှည့်၍ ထွက်ပြေးကြမည်ပင်၊ တဖန် အကူအညီရတော့မည် မဟုတ်ချေ။ |
| ၁၃။ | **لَأَنتُمْ أَشَدُّ رَهْبَةً فِي صُدُورِهِم مِّنَ اللَّهِ ذَلِكَ بِأَنَّهُمْ قَوْمٌ لَّا يَفْقَهُونَ۞**<br>အမှန်မှာ သူတို့၏ ရင်တွင်း၌ သင်တို့အား ပရမတ်ဘုရားရှင်ထက် ပို၍ ကြောက်လန့်တုန်လှုပ်ကြ၏။ ယင်းမှာ သူတို့သည် နားလည်မှုမဲ့သော လူမျိုး ဖြစ်သောကြောင့်တည်း။ |
| ၁၄။ | **لَا يُقَاتِلُونَكُمْ جَمِيعًا إِلَّا فِي قُرًى مُّحَصَّنَةٍ أَوْ مِن وَرَاء جُدُرٍ بَأْسُهُمْ بَيْنَهُمْ شَدِيدٌ تَحْسَبُهُمْ جَمِيعًا وَقُلُوبُهُمْ شَتَّى ذَلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْقِلُونَ۞**<br>သူတို့ အားလုံးသည် ကိုယ်ထည်လုံခြုံစရာ မြို့ရွာတွင်းမှ သို့မဟုတ် ခံတပ်နောက်ကွယ်မှလွဲ၍ သင်တို့အား တိုက်ခိုက်ရဲသည် မဟုတ်ချေ။ သူတို့ချင်းကြား ပဋိပက္ခမှာ ပို၍ ပြင်းထန်၏။ သူတို့အား ညီညွတ်သည်ဟု ထင်ရသော်လည်း သူတို့၏ နှလုံးသားများမှာ သွေးကွဲနေကြ၏။ ယင်းမှာ သူတို့သည် အတွေးအခေါ်မဲ့သော လူမျိုးဖြစ်ခြင်း ကြောင့်ပင်တည်း။ |
| ၁၅။ | **كَمَثَلِ الَّذِينَ مِن قَبْلِهِمْ قَرِيبًا ذَاقُوا وَبَالَ أَمْرِهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۞**<br>၎င်းတို့သည် ၎င်းတို့မတိုင်မီ မကြာသေးမီှမှ သူတို့ကဲ့သို့ ဖြစ်၏၊ သူတို့ အစီအမံများ၏ အကျိုးဆက်ကို မြည်းစမ်းရတော့၏၊ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေပြီ။ |
| ၁၆။<br>ထိုလူသား | **كَمَثَلِ الشَّيْطَانِ إِذْ قَالَ لِلْإِنسَانِ اكْفُرْ فَلَمَّا كَفَرَ قَالَ إِنِّي بَرِيءٌ مِّنكَ إِنِّي أَخَافُ اللَّهَ رَبَّ الْعَالَمِينَ۞**<br>၎င်းတို့သည် လူသားအား ဖုံးကွယ်မှုပြုရန် ပြောဆိုသော မကောင်းဆိုးဝါး ကဲ့သို့ ဖြစ်၏။ **သူ**သည် ဖုံးကွယ်လေသော် ၎င်းက “ကျွန်ုပ်သည် သင်မှ ကင်း၏၊ ကျွန်ုပ်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ကြောက်ရွံ့၏၊”ဟု ဆိုတော့၏။ |
| ၁၇။ | **فَكَانَ عَاقِبَتَهُمَا أَنَّهُمَا فِي النَّارِ خَالِدَيْنِ فِيهَا وَذَلِكَ جَزَاء الظَّالِمِينَ۞**<br>သို့ဖြင့် သူတို့နှစ်ဦးလုံး၏ ဇာတ်သိမ်းမှာ သူတို့နှစ်ဦး ကာလမဲ့ စခန်းချရာ အပူမီးပင် ဖြစ်တော့၏။ ဤသည် အမိုက်ကောင်များအတွက် အကျိုးပေးဆုလဒ်ပင်တည်း။ |
| ၁၈။ | **يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَلْتَنظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ وَاتَّقُوا اللَّهَ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ۞**<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဉာဉ်စရိုက်တို့အား အနာဂါတ်အတွက် တင်ကြိုပို့နှင့်ရာကို စီစစ်ကြည့်ရှုစေလော့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို သတင်းသိနေတော်မူ၏။ |

| | |
|---|---|
| ၁၉။ | وَلَا تَكُونُوا كَالَّذِينَ نَسُوا اللَّهَ فَأَنسَاهُمْ أَنفُسَهُمْ أُوْلَئِكَ هُمُ الْفَاسِقُونَ۝ <br> ပရမတ်ဘုရားဘုရားရှင်အား မေ့ပျောက်ထားသော သူတို့ကဲ့သို့ မဖြစ်စေလင့်။ သို့ဖြင့် အရှင်သည် သူတို့၏ စရိုက်ကို သူတို့ မေ့ပျောက်နေစေ၏။ ထိုသူတို့သည် ယုတ်မာသောသူတို့ ဖြစ်ကြ၏။ |
| ၂၀။ | لَا يَسْتَوِي أَصْحَابُ النَّارِ وَأَصْحَابُ الْجَنَّةِ أَصْحَابُ الْجَنَّةِ هُمُ الْفَائِزُونَ۝ <br> အပူမီး၏ အဖော်များနှင့် ဥယျာဉ်ဘုံ၏ အဖော်များသည် အသွင်မတူညီကြချေ။ ဥယျာဉ်ဘုံ၏ အဖော်များ– ထိုသူတို့ သည် ပန်းတိုင်ဆွတ်ခူးသူများ ဖြစ်ကြ၏။ |
| ၂၁။ | لَوْ أَنزَلْنَا هَذَا الْقُرْآنَ عَلَى جَبَلٍ لَّرَأَيْتَهُ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللَّهِ وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُونَ۝ <br> အကယ်၍ ငါအရှင်သည် ကုရ်အံအား တောင်တစ်ခုပေါ်သို့ ချမှတ်ပေးလျှင် ၎င်းသည် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ရိုကျိုးလျက် တုန်လှုပ် ကြေမွ ကွဲစိတ်သွားသည်ကို သင် မြင်တွေ့ရလတ္တံ့။ လူသားတို့ စဉ်းစားသုံးသပ်နိုင်ဘို့ရာ ဤ ဥပမာကို တည်စေတော်မူ၏။ |
| ၂၂။ | هُوَ اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ عَالِمُ الْغَيْبِ وَالشَّهَادَةِ هُوَ الرَّحْمَنُ الرَّحِيمُ۝ <br> အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ အရှင်သည် မျက်ကွယ် မျက်မှောက် သိ နေတော်မူ၏။ အရှင်သည် ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၃။ | هُوَ اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ الْمَلِكُ الْقُدُّوسُ السَّلَامُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيزُ الْجَبَّارُ الْمُتَكَبِّرُ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ۝ <br> အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ အရှင်သည် အာဏာတည်ရာ အရှင်၊ မြတ်စွာသော အရှင်၊ အေးငြိမ်းသောအရှင်၊ ယုံကြည်ပုံအပ်ရမည့် အရှင်၊ သြဇာတည်ရာအရှင်၊ ဘုန်းတော် အရှင်၊ အချုပ်အခြာ အရှင်၊ ကျက်သရေ ပြည့်စုံသော အရှင် ဖြစ်၏။ ဦးထိပ်ထားရာ ပရမတ်ဘုရားရှင်သည် ရောပြွန်း ကိုး ကွယ်ရာတို့မှ ကင်းစင်၏။ |
| ၂၄။ | هُوَ اللَّهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْأَسْمَاء الْحُسْنَى يُسَبِّحُ لَهُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۝ <br> အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏၊ ဖြစ်တည်စေသောအရှင်၊ စတည်စေသောအရှင်၊ ပုံဖော်သောအရှင် ဖြစ်၏။ သပ္ပါယ်သော ဂုဏ်တော်တိုင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင့် အား ဦးထိပ်ထားနေကြ၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |